## Talk and Work It Out
## ပွင့်လင်းစွာ ပြောပါ ဆွေးနွေးအဖြေရှာပါ

ကလေးတစ်ဦးစီရော အားလုံးရော အကြောင်းကိစ္စပြဿနာတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာတတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရင့်သန်လာစေဖို့ ထိရောက်တဲ့လေ့ကျင့်မှုအမျိုးမျိုးနဲ့ ပျိုးထောင်ပြုစုပေးနိုင်ပါတယ်။ အဲဒီမှာ ကောင်းမွန်ထိရောက်ပြီး လက်တွေ့အသုံးကျစေဖို့အတွက် ကလေးတွေရဲ့ ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ ဆွေးနွေးအဖြေရှာတတ်ပုံများ၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းနဲ့ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိပုံတွေကို အခြေခံအားဖြင့် နားလည်အောင် ဦးစွာလေ့လာထားဖို့ လိုပါတယ်။

## Try and Stick With It
## လက်တွေ့စမ်းသပ်ကြည့်ပါ ဇွဲရှိပါ

ဒီစာအုပ်ကို ကလေးတွေ ရင်းနှီးပြီးသားဖြစ်ခဲ့ရင် ဤစာအုပ်ပါအကြောင်းအရာတွေကို ရည်ညွှန်းပေးပါ။ အသစ်အဆန်းတွေကို စမ်းသပ်၊ ကြိုးစားလုပ်ကိုင်ရာမှာ ကြုံတွေ့ရတတ်တဲ့ ပြဿနာအခက်အခဲတွေကို မဆုတ်မနစ်သော ဇွဲဖြင့် အပတ်တကုတ်ကြိုးစားပြီး လုပ်နိုင်တဲ့သဘော၊ ဘယ်အရာကိုပဲဖြစ်ဖြစ် အချိန်ကာလကြာတဲ့အထိ စွဲစွဲမြဲမြဲလုပ်နိုင်ခဲ့ရင် နောက်ဆုံးမှာ အောင်မြင်မှုရရှိတဲ့ သဘောကို ထင်ထင်ရှားရှား ဖော်ပြထားပေးပါတယ်။

## Be Careful and Stay Safe
## သတိရှိပါ ဘေးအန္တရာယ် သိပါ

ကလေးအားလုံး အရာရာကို ဂရုတစိုက် သတိထားဖို့နဲ့ ဘေးကင်းလုံခြုံစွာ နေထိုင်တတ်စေဖို့ လေ့ကျင့်ပျိုးထောင်ရာမှာ ထိရောက်မှုရှိစေဖို့အတွက် ကလေးတွေရဲ့ ကြိုတင်ပြင်ဆင်တတ်ပုံ၊ ဘေးကင်းလုံခြုံရေးအတွက် တွေးခေါ်ရှုမြင်တတ်ပုံတွေကို ကြိုတင်သိရှိနားလည်းထားဖို့ လိုပါတယ်။

## Join In and Play
## အတူပါဝင် ကစားပါ

ကလေးများဟာ အများနဲ့အတူတူ ပါဝင်ပြီး ကစားနိုင်ခြင်းရှိစေဖို့ လေ့ကျင့်ရာမှာလည်း ကလေးတွေရဲ့ လွတ်လပ်တဲ့ထင်မြင်ယူဆချက်တွေ၊ ခံစားနားလည်နိုင်စွမ်းနဲ့ တုံ့ပြန်နိုင်စွမ်းတွေ၊ အတူမြင် အတတ်သင်နိုင်စွမ်းတွေကို စာအုပ်ပါ လမ်းညွှန်ချက်တွေအတိုင်း ဦးစွာသိရှိအောင်လုပ်ပြီးမှ လိုအပ်သလို လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။

## Listen and Learn
## သေချာနားထောင်ပါ သင်ယူပါ

ကလေးငယ်များကို နားထောင်တတ်ဖို့နဲ့ သင်ယူခြင်းတွေ ထိရောက်စွာလုပ်နိုင်အောင် လေ့ကျင့်တဲ့အခါ ကလေးတွေရဲ့ လွတ်လပ်တဲ့ ထင်မြင်ယူဆချက်တွေ၊ ခံစားနားလည်နိုင်စွမ်းတွေ၊ အလိုအလျောက် တုံ့ပြန်နိုင်စွမ်းတွေကို စာအုပ်ပါလမ်းညွှန်ချက်တွေအတိုင်း ဦးစွာ သိရှိအောင်လုပ်ဖို့ လိုအပ်ပါတယ်။

## Be Polite and Kind
## လိမ္မာယဉ်ကျေးပါ သနားညှာတာပါ

လိမ္မာယဉ်ကျေးပြီး သနားညှာတာစိတ်ရှိတဲ့ ကလေးများ ဖြစ်လာစေဖို့ လေ့ကျင့်ရာမှာ ကလေးတွေရဲ့ စိတ်ခံစားမှု၊ ထင်မြင်ယူဆမှု၊ အလိုအလျောက် တုန့်ပြန်တတ်တဲ့ သဘာဝတွေကို ဦးစွာသိအောင် လုပ်ရပါမယ်။

## Cool Down and Work Through Anger
## ဒေါသကို ထိန်းပါ စိတ်ကို ပြုပြင်ပါ

ကလေးတိုင်းအား ဘယ်လောက်ပဲ ဒေါသထွက်စရာကြုံကြုံ စိတ်အေးအေးထားပြီး လုပ်ဆောင်ပါက ဘာမဆို အောင်မြင်အောင် လုပ်နိုင်တယ်ဆိုတာ သိရှိသွားအောင် လေ့ကျင့်မှုအမျိုးမျိုးနဲ့ ပျိုးထောင်ပေးနိုင်ပါတယ်။ လေ့ကျင့်ပျိုးထောင်ရာမှာ ထိရောက်ပြီး လက်တွေ့အသုံးကျစေဖို့ အတွက် ကလေးတွေရဲ့ စိတ်ခံစားချက်တွေ၊ အလိုအလျောက်တုန့်ပြန်မှုတွေ၊ မခံချင်စိတ်ထားရှိပြီး ကြိုးစားတတ်တဲ့ သဘာဝတွေကို သင်က ဦးစွာ သိထားနိုင်ဖို့ ကြိုတင်လေ့လာရပါလိမ့်မယ်။

AH0096